# မိုးအောက်မြေပြင် (၁၉၄၈)

မင်းအောင်

## ဝတ္ထုနှင့်စာရေးသူ

မိုးအောက်မြေပြင်သည် လူတန်းစားအသီးသီး၊ အလွှာအသီးသီးတို့၏ သဘောသကန်ကို ပေါ်လွင်အောင်ဖော်ပြသော ဇာတ်ဆောင်အသားပေး ဝတ္ထုတစ်ပုဒ် မဟုတ်ချေ။ ထို့အတူ လူအများ ရင်သပ်ရှုမော စိတ်ဝင်စားဖွယ်ဖြစ်အောင် အဆန်းဆန်း အကြယ်ကြယ်၊ အသွယ်သွယ်၊ အလှလှ ရက်ဖောက်ထားသော ဇာတ်လမ်းတစ်ပုဒ်လည်း မဟုတ်ချေ။ ဤဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်များသည် စာရေးဆရာက စိုင်းစေသလောက် တာဝန်ကျေလှုပ်ရှားသွားကြသည်။ ဇာတ်လမ်းဇာတ်ကွက်မှာလည်း အချိတ်အဆက်မိရုံလောက်သာ ရှိသည်။ သို့သော် မိုးအောက်မြေပြင်သည် ဦးတည်ချက်ကို အသားပေးထားသော ဝတ္ထုတစ်ပုဒ်ဖြစ်၍ မြန်မာဝတ္ထုသမိုင်းတွင် မမေ့မလျော့ ထည့်သွင်းပြောဆိုကြရသည်။

မိုးအောက်မြေပြင်၏ ဦးတည်ချက်သည် တောလက်ကျေးရွာပြုပြင်ရေးဖြစ်သည်။ ယင်းဦးတည်ချက်ကို ဖော်ကျူးရာတွင် စာရေးဆရာသည် ဇာတ်ဆောင်နှင့်ဇာတ်လမ်းကို အားမပြုဘဲ တရားဟောကြားမှုကို အားပြုလေသည်။

၁၉၄၈ ခု ဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးခံယူချက်တစ်ရပ်ကို ဝတ္ထုတွင် အဓိက ဦးတည်ချက်ပြုထားသည်။ ယင်းကား မြန်မာပြည် လွတ်လပ်ရေးရပြီး၊ ရှေ့တွင် နိုင်ငံရေးလုပ်လိုသူများသည် တောလက်ကျေးရွာများသို့ဆင်းပြီး လယ်ယာအလုပ်သမားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်ကျိုးစွန့် ဆောင်ရွက်ကြမည်ဟူ၍ ဖြစ်သည်။ ယင်းသို့ ကျေးလက်ဖွံ့ဖြိုးရေးကိုဆောင်ရွက်ရာတွင် အများစုပေါင်းလုပ်ဆောင်နည်းဖြစ်သော ဆိုရှယ်လစ် လုပ်နည်း လုပ်ဟန်ကို တစ်ပါတည်း ညွှန်ပြထားသည်။ ထို့ပြင် ဝတ္ထုထွက်ပေါ်ချိန်က ခေတ်စားနေသော ဆိုရှယ်လစ်ဝါဒနှင့် ဗုဒ္ဓဝါဒ ညှိနှိုင်းမှုကိုလည်း စာရေးဆရာက မမေ့မလျော့ လှုံ့လထုတ်ထားသည်။

ထို့ကြောင့် မိုးအောက်မြေပြင်ဆရာ၏ ဆိုရှယ်လစ်ဝါဒကို ပေါင်းချုပ်ကြည့်လျှင် ပညာတတ်အနွယ်ဝင် လူလတ်တန်းစားတို့ ခေါင်းဆောင်မှုပြုသော ဗုဒ္ဓဝါဒနှင့် ပေါင်းကူးဆက်စပ်ခြင်းရှိသော ဆိုရှယ်လစ်ဝါဒ ဖြစ်ပေသည်။ ယင်းကြောင့်ပင် အဓိကဇာတ်ဆောင် အောင်စိုးသည် အင်မတန်၊ ကိုယ်ကျိုးစွန့်သူ၊ အင်မတန် သဘောကောင်းသူ၊ အင်မတန် ရဲရင့်သူအဖြစ် ထင်းထင်းကြီးပေါ်နေသည်။ တစ်နည်းဆိုရလျှင် ဆိုရှယ်လစ်သူရဲကောင်းဝါဒ ဖြစ်ပေသည်။ ထို့ကြောင့်ပင် ဤဆိုရှယ်လစ်တရားဟောဝတ္ထုတွင် အောက်မျက်စမ်းများလှုပ်ခြင်းကို အလေးပေးသော အယူသည်းမှုများ ရောစွက်နေခြင်း ဖြစ်ပေသည်။

မိုးအောက်မြေပြင်သည် အနှစ်နှစ်ဆယ်ကျော်အကြာတွင် ပြန်လည်ကြည့်မြင်သောအခါ အယူအဆရေးရာ မရှင်းလင်းမှုများနှင့် စာရေးသားမှု အတတ်ပညာ အားနည်းချက်များကို တွေ့ရသည်။ ဤအကြောင်းကို စာပေဗိမာန် ဆုရွေးချယ်ရေးအဖွဲ့ကလည်း ဤသို့ မှတ်ချက်ချထားသည်။

မိုးအောက်မြေပြင်သည် တောရွာဘွဲ့ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်။ ရေးသားသူသည် အထက်အညာတောရွာ၏ သဘောတစ်ခုကို ထင်ရှားစွာဖွဲ့နိုင်ခဲ့ပေသည်။ ဇာတ်ကွက်ဇာတ်လမ်းများမှာ ငြီးငွေ့ဖွယ်မရှိ။ ရိုးရိုးလေးနှင့်သဘာဝကျသည်။ လောကဇ္ဈ ဖြစ်တတ်သော သဘောများကိုလည်း ထင်ရှားစေသည်။ ဝတ္ထုလုပ်ငန်းမဟုတ်သည့် အလွန်အကျံ အနည်းအငယ်ပါသော်လည်း အဆင့်အတန်းမီသည်။ ဇာတ်ဆောင်တစ်ဦးက ရှည်လျားစွာ တရားဟောခြင်း၊ သင်တန်းပို့ချခြင်းသာမက စာရေးဆရာ၏ အာဘော်ကို တထွေးတပိုက်ကြီး ကြားညှပ်ထည့်သွင်းထားခြင်းများသည် ဝတ္ထုကောင်းတို့၏ အင်္ဂါတစ်ရပ် မဟုတ်ချေ။

သို့သော် မိုးအောက်မြေပြင်ကို ၁၉၄၈ ခုဝန်းကျင် နိုင်ငံရေးအခြေအနေ တာပေအချိုးအမှန်နှင့် ချိန်ထိုးကြည့်လျှင်မူ ပြောစမှတ်ပြုထိုက်သော ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည်။

စစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဝတ္ထုများ ဩတိုက်၍ထွက်လာသော်လည်း အရည်အချင်းမပါဘဲ အပျော်ဖတ်ဝတ္ထုများသာ ဖြစ်ပေသည်။ နောင်အခါတွင် စာပေသစ်(ဝါ) ပြည်သူ့စာပေ(ဝါ) ဆိုရှယ်လစ် သရုပ်ဖော်စာပေကို ကြွေးကြော်ခေါင်းဆောင်ကြသည်။ တော်လှန်ရေးအတွေ့အကြုံရှိသော လူငယ်များပင်လျှင် အချစ်၊ စိတ်ကူးယဉ်၊ အလှအပနှင့် စိတ္တဇနယ်တွင် နစ်မြုပ်နေကြသည်။ တော်လှန်ရေးကာလကို အခြေခံပြီး တော်လှန်ရေးသမားတို့၏ အကြောင်းကို ရေးသည့်တိုင်အောင် တော်လှန်ရေးဝတ္ထုဖြစ်မလာဘဲ တော်လှန်ရေးသမားဆိုသူများ၏ အချစ်အလွမ်းတို့သာ ဖြစ်နေတတ်သည်။

ဤကာလတွင် မိုးအောက်မြေပြင်သည် အချစ်အလွမ်းကို ဦးစားမပြုဘဲ တိုင်းပြုပြည်ပြုဝတ္ထုအဖြစ်၊ ဆိုရှယ်လစ်ကြွေးကြော်သံဝတ္ထုအဖြစ် တင်းပြည့်ကျပ်ပြည့်ခံယူကာ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဝတ္ထုထွက်ပေါ်ချိန်ကာလ၌ နိုင်ငံရေးလှုပ်ရှားမှုနှင့် လူနေမှုစနစ်ကို အပြန့်ကျယ်စွာ ဖော်ပြနိုင်ခြင်းမရှိသည့်တိုင် အညာကျေးလက်အငွေ့အသက်များကိုပေးနိုင်သည့် နိုင်ငံရေးအယူအဆတစ်ရပ်ကို တင်ပြနိုင်သည်။ စာရေးသူ၏ ဦးတည်ချက်ပေါ်လွင်ထင်ရှားအောင် ခွန်းဆောင်နိုင်စွမ်းရှိသည်။

မိုးအောက်မြေပြင်သည် ပထမဆုံး စာပေဗိမာန်ဆုရဝတ္ထုဖြစ်၏။ ၁၉၄၈ ခုနှစ်တွင် ဝတ္ထုစာအုပ်ပေါင်း ခြောက်ဆယ့်ခြောက်အုပ်ထွက်သည့်အနက်မှ ရွေးချယ်ဆုပေးခံရခြင်း ဖြစ်သည်။ ဆုမရမီက ဝတ္ထုရော ဝတ္ထုရေးသူပါ သာမန် အလယ်အလတ်အဆင့်တွင် ရှိသည်။ ဆုရသောအခါ အများစိတ်ဝင်စားခြင်း၊ ဝေဖန်ဆွေးနွေးခြင်းပြုကြ၍ ရှေ့တန်းနေရာသို့ တစ်ဟုန်ထိုးရောက်လာသည်။

မိုးအောက်မြေပြင်ကို ထူထောင်ရေးတိုက်မှ ၁၉၄၈ ခု၊ ဖေဖော်ဝါရီလတွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ဈေးကွက်တွင် မခွဲချေ။ သို့သော် ဆုရပြီးသောအခါ ရှမဝမှ ဒုတိယအကြိမ် ရိုက်နှိပ်သည်။ သုံးရက်အတွင်းကုန်သည်။ တတိယအကြိမ် ရိုက်နှိပ်သည်။ ကုန်ပြန်သည်။ စတုတ္ထအကြိမ် ရိုက်ရပြန်သည်။ သို့ဖြင့် ဆယ့်ရှစ်ရက်အတွင်း သုံးကြိမ်တိုင်တိုင် ရိုက်နှိပ်ရသောစံချိန်ကိုရရှိသည်။ မင်းအောင်သည် ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အပိုင် ဆန်ဆွဲရွာဇာတိဖြစ်သည်။ အဖ ဦးစံပွင့်+အမိ ဒေါ်ငွေမတို့မှ ၁၂၇၈ ခု၊ ဝါဆိုလဆန်း ၇ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် စာသင်ခဲ့ရသည်။ ဆယ့်လေးနှစ်သားတွင် ဆရာဘုန်းကြီးနှင့်အတူ ရန်ကုန်သို့ရောက်ရှိခဲ့ပြီး ရန်ကုန်မှာပင် သာတစ်လှည့်၊ နာတစ်ခါဖြင့် သောင်တင်နေခဲ့သည်။

အသက် ဆယ့်ခုနစ်နှစ်သားအရွယ်မှစ၍ ဝတ္ထုရှည်မြောက်မြားစွာ ရေးကာ စာနယ်ဇင်းတိုက်များသို့ ပို့ခဲ့သော်လည်း တစ်ပုဒ်တလေမှ ရွေးချယ်ခြင်း မခံရသဖြင့် အသက် နှစ်ဆယ့်သုံးနှစ်တွင် သက်နံ့စည်းပြီး ရွာပြန်သည်။ လောကဓာတ္တရာစာပေများကို သုံးနှစ်ကြာလေ့လာဆည်းပူးပြီးနောက် လူထွက်သည်။

၁၉၄၅ ခုနှစ်တွင် ဂျစ်သခင်ဝတ္ထုကို ပထမဆုံး ထုတ်ဝေသည်။ ထို့နောက် တစ်ခေတ်ပြောင်းပြီ၊ ငွေ့လူပြည်၊ သား၊ လက်ဝဲဗိုလ်၊ ကျားမ၊ နှစ်ကိုယ့်တစ်ကိုယ်၊ ချစ်မြင့်မိုရ်၊ ချစ်သွေးနှစ်စက်၊ ရှုပါ စသောဝတ္ထုများကို ဆက်လက်ရေးသားခဲ့သည်။

သူ၏ အခြားထင်ရှားသောဝတ္ထုများမှာ ဥတုသုံးလီ(၁၉၅၀)၊ စာရေးဆရာ (၁၉၅၇)၊ ဘုံလယ်မြေ(၁၉၆၄)နှင့် အငဲ(၁၉၆၅)တို့ ဖြစ်သည်။ အငဲကို ပန်းချင်သူ ပျို့ချစ်ဦးရယ် အမည်ဖြင့် ရုပ်ရှင်ရိုက်သည်။

မင်းအောင်သည် မိုးအောက်မြေပြင်ကို ရုပ်ရှင်အဖြစ်ကူးပြောင်းရာတွင် ကိုယ်တိုင်ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထို့နောက်တွင် သူသည် ရုပ်ရှင်လောကတွင် သရုပ်ဆောင်သူ၊ ဇာတ်ညွှန်းရေးသူ၊ ဒါရိုက်တာ စသည်ဖြင့် သံသရာလည်ပြန်သည်။

မင်းအောင်သည် မြန်မာနိုင်ငံ စာရေးဆရာ့အသင်းတွင် အမှုဆောင်တစ်ဦးဖြစ်ခဲ့သည်။

မလိခ

□